
# နှင်လားဟဲ့ ဂျပန်

## အပိုင်း (၁၉)

● မိအိုက အိအိချော








CamScanner

ဒီလိုတွေးနေချိန်မှာပဲ ကျွန်မကျောင်းပြီး၍ မိန်းထဲမှာဘွဲ့ယူဖို့ဖြစ်လာသည်။ ဒီလိုနှင့်ရန်ကုန်မြို့သို့သွားပြီးဘွဲ့ယူရန်ပြင်ဆင်ရသည်။ ထိုအချိန်က ရန်ကုန်မှာ အလုပ်တစ်ခုရရန် မလွယ်။ လုပ်ငန်းအတွေ့အကြုံမရှိလျှင် အလုပ်ရရန်မလွယ်။ အသက်အကန့်အသတ်ကလည်းရှိသောကြောင့် အသက် ၂၅ နှစ်မှဘွဲ့ရသော (အသက် ၁၆ နှစ်မှာ ၁၀ တန်းအောင်သော်လည်း အရေးအခင်းကြောင့်အသက် ၂၀ ကျော်မှတက္ကသိုလ်တက်ခွင့်ရသောကြောင့်) ကျွန်မအတွက်က ထိုအချိန်က ဆိုလျှင် လုပ်ငန်းအတွေ့အကြုံကလည်း မရှိသေးသည့်အတွက် နံနံ အရွယ်လွန်နေသည့် အလုပ်ရှာရခက်သည့်အနေအထားမျိုးမှာ ရှိနေခဲ့ပါသည်။ သို့သော် ရန်ကုန်လို နေရာမျိုးမှာနေမှသာ ကျွန်မဆက်လက်သင်ယူလိုသော ဂျပန်စာကိုသင်ယူနိုင်မှာ ဖြစ်သောကြောင့် ရန်ကုန်ရွှေမြို့တော်ကြီးဆီသို့ ရောက်ရှိရန်မှာ ကျွန်မအတွက်ကတော့ အိမ်မက်များ၏ ခြေလှမ်းအစဖြစ်နေခဲ့ပါသည်။ သို့သော် မလွယ်ကူမှန်း သိသော်လည်း နေ့နေ့ညည မျှော်လင့်မိနေသည်က စိတ်ပင်ပန်းရပါသည်။

တစ်နေ့ ဘွဲ့ဝတ်စုံယူဖို့ ပြည်လမ်းမလာ မှတ်တိုင်နားမှာ လမ်းကူးမျဉ်းကြားမှ လမ်းကူးဖို့ ခြေလှမ်းပြင်နေချိန် မိမိနာမည်ခေါ်သံကို ကြားလိုက်ရသည်။ လှည့်ကြည့် လိုက်တော့ ကျွန်မတို့မြို့မှာ ပုံတူပန်းချီဆိုင်လေးဖွင့်တုန်းက ကျွန်မပန်းချီဆွဲနေတာကို ခဏခဏ လာကြည့်တတ်သူ၊ ကျွန်မဆိုင်နှင့် သူ့အိမ်က ကပ်လျက်ဖြစ်သည့် အိမ်နီးနားချင်းအစ်ကိုတစ်ယောက်ကို တွေ့လိုက်ရသည်။ "ညီမ ဘာလာလုပ်တာလဲ" "ဘွဲ့ယူဖို့ဘွဲ့ဝတ်စုံ လာထုတ်တာ အစ်ကို" "ဟုတ်လား မျက်စိအောက်တင် ဘွဲ့တောင်ရသွားပြီ ညည်းတော်တော် ကြိုးစားနိုင်တာပဲ ဘွဲ့ရပြီဆိုတော့ ဘာလုပ်မယ် စိတ်ကူးလဲ" "ရန်ကုန်မှာ အလုပ်တစ်ခုခုရှာပြီးသင်တန်းတွေတက်မယ်လို့စိတ်ကူးတယ်။ ဒါပေမယ့်လုပ်ငန်းအတွေ့အကြုံမရှိသေးတော့ အလုပ်ရဖို့ မလွယ်ဘူးထင်တာပါပဲ" "ကိုယ်ပိုင်လုပ်ငန်းကိုကိုယ်တူ ကိုယ်ထနဲ့ အောင်မြင်အောင် လုပ်နိုင်ခဲ့တယ် ဆိုတာ နည်းတဲ့ အတွေ့အကြုံလား အစ်ကို လိပ်စာတစ်ခု ရေးပေးလိုက်မယ် အဲဒီကိုသွားကြည့်ပါ"


ထိုနေ့က ရွေးယူလာခဲ့သောဘွဲ့ဝတ်စုံလေးနှင့်အတူ လိပ်စာတစ်ခုရေးထားသော စာရွက်ကလေးကို တင်းဆင်းဆုပ်၍ ကျွန်မ ဂျပ်ဆင်ကြီးကို မဝံ့မရဲမော့ကြည့်ခဲ့မိပါသည်။ ကျွန်မတကယ်ပဲရန်ကုန်ကိုရောက်လာနိုင်တော့မလား။

ပြည်လမ်း၊ ခြံအမှတ်(........)။

ကျွန်မ ခြေစုံရပ်ပြီး မော့ကြည့်လိုက်တော့ ခြံအဝင်ဝမောင်းတံကရွေ့လျားသွားပြီးSecurity ကအကျိုးအကြောင်းမေးပြီး ဝင်ခွင့်ပြုပေးလိုက်သည်။ ခြံဝင်းကျယ်ကြီးထဲမှာ အဆောက်အဦးပေါင်းများစွာနှင့်အတူပျားပန်းခပ်မျှလှုပ်ရှားနေကြသော ယူနီဖောင်းနှင့်ဝန်ထမ်းများကိုလည်း တွေ့နေရသည်။ အခန်းတံခါးတစ်ခုရှေ့မှာ ခြေစုံရပ်ပြီး တံခါးခေါက်လိုက်တော့ ပွင့်သွားသော တံခါးတစ်ချပ်နောက်ကွယ်မှ ခင်မင်ဖွယ်ကောင်းသော မျက်နှာချိုချိုနှင့် အသက် ၅၀ ခန့်လူကြီးတစ်ဦးကို တွေ့လိုက်ရသည်။ တက္ကသိုလ်ပထမနှစ်မှာ ကွန်ပျူတာသင်တန်းကို တက်ခဲ့ပြီး၊ ဒုတိယနှစ်မှာ အင်္ဂလိပ်စကားပြောသင်တန်း၊ တတိယနှစ်မှာ စာရင်းကိုင်သင်တန်းနှင့် နောက်ဆုံးနှစ်မှာ ဂျပန်စာ N4 Level အထိ ရသမျှပိုက်ဆံလေးတွေ ခြစ်ခြုပ်ကုပ်စုပြီးသင်တန်းတွေတက်ထားခဲ့လေသမျှ အကျိုးပေးသည် ထင်ပါသည်။ လုပ်ငန်းအတွေ့အကြုံ မရှိသော်လည်း ကျွန်မကိုယ့်ဒူးကိုယ်ချွန်ပြီး ပုံတူပန်းချီ ဆွဲပြီး ဝင်ငွေရှာကာ တက္ကသိုလ်ပြီးဆုံးသည်အထိကြိုးစားခဲ့ပုံများကို ဟိုအစ်ကိုက ပြောပြထားခဲ့ပုံပေါ်ပါသည်။



CamScanner



ကျွန်မကို တခါထဲ အလုပ်ခန့်လိုက်ပါတော့သည်။ သည်တော့ပျော်ရပါသည်။ လှည်းတန်းမှာ ချက်ချင်း အဆောင်ရှာ၊ ပုသိမ်မြို့သို့ ချက်ချင်းပြန်၊ ပစ္စည်းတွေသိမ်းပြီး ရန်ကုန်သို့ အပြေးရောက်လာပါတော့သည်။ သည်လိုနှင့် ကျွန်မ ပထမဆုံးအလုပ်လုပ်ရသည့်နေရာက ရွှေတောင်ကြားထဲမှာဖြစ်ပြီး ရုံးဖယ်ရီ ရှိသောကြောင့် နေ့တိုင်း ပြည်လမ်းလှည်းတန်းမှတ်တိုင်မှ ဖယ်ရီစီးသည်။ အဲဒီမှာစတွေ့ပါတော့သည်။ ကျွန်မစီးသည့်ဖယ်ရီက ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် မနက်ပိုင်း ဒီပလိုမာတန်းတက်သော ရုံးဝန်ထမ်းများကိုပါ ကြိုပေးသည့် ဖယ်ရီဖြစ်နေသည်။ သည်တော့ ကျောင်းရှေ့မှာ ဖယ်ရီကိုရပ်ပြီးအဆိုပါကျောင်းသူများကို စောင့်ခေါ်သောကြောင့် မနက်တိုင်း UFL ကျောင်းသား၊ ကျောင်းသူများကျောင်းဆင်းသည့်မြင်ကွင်းနှင့် ကျောင်းတော်ကြီးကို မြင်ရလေတိုင်းမှာ သည်ကျောင်းတော်ကြီးဆီမှာ ပညာသင်ယူချင်သည့်စိတ်က တဖွားဖွားပေါ်သည်။ ကားပေါ်မှာပြောကြသည့် စာမေးပွဲအကြောင်းတွေ၊ စာသင်ခန်းထဲကအကြောင်းတွေကိုငေးမောရင်းနားထောင်ရသည်။ ကိုယ့်မှာနားထောင်၍မဝ။ သို့သော် အခုမှ အလုပ်ကလေးတစ်ခုတောင် ကံကောင်းလို့ရထားရလေတော့ အခုလိုမျိုးသင်တန်းပေးတက်ခွင့်ကတော့ လောလောဆယ်မှာ စိတ်တောင်မကူးရဲသေးသည့်အခြေအနေ။ တနေ့နေ့ပေါ့လေ။ တနေ့နေ့တော့ရအောင်တက်ရမှာပေါ့။ မျှော်လင့်ခြင်းဆိုတာ တစ်နေ့နေ့အတွက်တွန်းအားပေးတဲ့ အင်အားတစ်ရပ်ပဲမို့ လောလောဆယ်တော့မျှော်လင့်ထားလိုက်ပါမည်။ သို့သော် ကျွန်မအတွက်ကတော့ မျှော်လင့်ခြင်းဆိုသည်မှာမျှော်လင့်နေရုံသက်သက်မျှဖြင့် အသက်ရှင်နေခြင်းမျိုးမဟုတ်ပါ။ အဆိုပါမျှော်လင့်ခြင်းဆီသို့အရောက်သွားနိုင်မည့်နည်းလမ်းနှင့်အခွင့်



CS CamScanner



အလမ်းကိုဖမ်းဆုပ်နိုင်ရန်စောင့်နေရင်းက အစဉ်အမြဲကြိုးစားနေခဲ့ပါသည်။ ကျွန်မ ပုသိမ်တွင် သင်ယူလေ့လာခဲ့သော ဂျပန်စာ N4 Level အထိ စာများကို အစအဆုံး ကျေညက်အောင် ထပ်ခါ ထပ်ခါ ဖတ်ပါသည်။ ဒါတင်မက ပိတ်ရက်များမှာ ဂျပန်စာသင်တန်းကျောင်းများသို့ သွားရောက်သင်ယူသည်။ ထိုအချိန်က Win နှင့် Momiji မှ အတန်းများကို တက်ခဲ့သည်။ ဒါတင်မက မနောရမ္မဘုန်းကြီးကျောင်းတွင်လည်း အချိန်ရသမျှ သွားရောက်လေ့လာ သင်ယူခဲ့သည်။ ရသမျှ ဂျပန်စာအုပ်များကိုလည်း ဝယ်စုသည်။ အဲဒီတုန်းက ဂျပန်စာအုပ်ကို မူရင်းအော်ရီဂျင်နယ်စာအုပ်ကို မမြင်ဖူးသလောက် ရှားပါးခဲ့ပါသည်။ မနောရမ္မဘုန်းကြီးကျောင်းသို့ စာလာသင်ပေးကြသော ဂျပန်ဆရာနှင့်ဂျပန်ဧည့်သည်များရောက်လာလျှင်တော့ ဂျပန်ဖတ်စာအုပ်အသစ်မိတ္တူလေးများရသည်။ ထိုအခါတိုင်းမှာ ထားစရာနေရာမရှိလောက်အောင် ဖတ်၍မဝ၊ ပျော်မဆုံးဖြစ်ရသည်။ သို့သော် ဂျပန်လူမျိုးများနှင့်စကားမပြောရဲတာ၊ ရှက်တာနှင့် ကျွန်မဂျပန်စကားပြောမထွက်ခဲ့ပါ။ ပြောဖို့အခါ မနဲကြိုးစားခဲ့သော်လည်း မှားသွားမလား၊ မှားရင်ရှက်စရာကောင်းသွားမလားဟူသော အတွေးမျိုးနှင့် ကျွန်မစကားမပြောတတ်ခဲ့ပါ။ သို့သော် သင်ပေးသမျှကိုတော့ တစ်လုံးမကျန် လိုက်နာသင်ယူပြီး စာအုပ်များကိုလည်း ရသမျှ အကုန်စုသည်။ ကျွန်မ၏ စိတ်ကူးအိမ်မက်ထဲမှာ မကြာခဏ ပေါ်လာတတ်သောနိုင်ငံခြားဘာသာတက္ကသိုလ်ကြီးကို မြင်ယောင်လာတိုင်းမှာ ကျွန်မကြိုးစားနေသည်ဟူသော နှစ်သိမ့်မှုဖြင့်သာ ကျေနပ်နေခဲ့ရလေသည်။ သည်လိုနှင့် တစ်နေ့ (ယခင်မြေနီကုန်းတွင်ဖွင့်လှစ်ခဲ့သော) Momiji ဂျပန်စာသင်တန်းကျောင်းမှာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင်တက်နေသော ကျောင်းသူတစ်ဦးနှင့် တစ်တန်းတည်း အတူထိုင်မိသည်။ ဂျပန်ဆရာမ ရှင်းပြသမျှကို သေသေချာချာနားလည်သည့်ပုံစံမျိုးလေးနှင့် နုတ်စ်များ လိုက်မှတ်နေသည်ကို တွေ့အပြီးမှာ တော်လိုက်တာဟု ချီးကျူးလိုက်မိစဉ် တစ်ခုံထဲအတူထိုင်သောသူငယ်ချင်းထံမှ "တော်မှာပေါ့ YUFL မှာ တက်နေတာကိုး" ဟု ပြောလိုက်သည့်အခါ ကြားလိုက်သည့်သူများအားလုံး၏ မျက်ဝန်းများကသူမဆီ ရောက်ရှိသွားကြသလို အထင်ကြီးအားကျပုံပေါ်သည့် အပြုံးများဖြင့် သူမနှင့်စကားပြောနေကြသည်ကို တွေ့လိုက်ရသည်။ ထိုစဉ်ခဏ ကျွန်မ၏ အတွေးထဲမှာ ကာလများစွာဝင်ရောက်နေခဲ့ပါလေသော YUFL တက်ရန်ဟူသော အိမ်မက်က ပိုမိုအင်အားကြီးမားခဲ့ရပါလေသည်။

ဒီလိုနဲ့ တစ်နေ့ကျွန်မကို စီနီယာအစ်မတစ်ယောက်ကမေးလာပါသည်။ "ညီမ အင်္ဂလိပ်




စကားအပြင် တခြား ဘယ်ဘာသာစကားရ သေးလဲ " " ဂျပန်စကားနဲ့နဲ့သင်ဖူးပါတယ်အစ်မ" "UFL မှာတက်တာလား" ဆိုတော့ "မဟုတ်ပါ ဘူးအစ်မ တက္ကသိုလ်တက်တုန်းက အပြင်မှာ သင်ခဲ့တာပါ"

"ဩော်" ထို ဩော်ဟူသောစကားလုံး၏ အဓိပ္ပာယ်ကို သိရှိနားလည်စွာ ကျွန်မနှုတ်ဆိတ် သွားမိပါသည်။ "YUFL လား စိတ်ချ။ ကျွန်မတနေ့ ရောက်အောင်လာခဲ့မယ်"

ထိုအချိန်မှစ၍ ကျွန်မနစ်စဉ် YUFL မှ ဒီပလိုမာသင်တန်းကြေငြာ၍ ဖောင်ရောင်းသည့် အခါတိုင်းမှာ ဝယ်သည်။ ဖြည့်သည်။ သို့သော် ဖောင်တင်ခါနီးတိုင်းမှာ စာအုပ်ကြားထဲသာညှပ် ဖြစ်ခဲ့သည်။ မတင်ဖြစ်ခဲ့လိုက်ပါ။ အဘယ်ကြောင့် ဆိုသော် YUFL မှာ မနက်ပိုင်း ဒီပလိုမာ သင်တန်းကို လေးနှစ်တက်ရန် ကျွန်မ၏အလုပ် ရှင်များကခွင့်မပြုခဲ့ကြသောကြောင့် ဖြစ်ပါသည်။ အလုပ်ရှင်များကဟု ဆိုရခြင်းအကြောင်းမှာ ကျွန်မထိုအလုပ်မှ နိုင်ငံခြားသားဖြစ်သူ GM နှင့် အဆင်မပြေသောကြောင့် အလုပ်ပြောင်း၍ အခြားသောနေရာများတွင် အလုပ်ဝင်ခဲ့သော် လည်း ကံမကောင်းလှစွာ YUFL တက်ရန်အခွင့် အလမ်းမမြင်ခဲ့ပါ။ သည်လိုနှင့် ၅ နှစ်တာကာ တစ်ခုသာ ကြာခဲ့သည်။ ကျွန်မ YUFL တက်ဖို့ လမ်းမမြင်ခဲ့သေး။ သို့သော် ကျွန်မကတော့ နှစ်စဉ်ဝင်ခွင့်ဖောင်များဝယ်ဖြည့်ဆဲ။ မျှော်လင့် နေဆဲ.......။ သင်တန်းများတက်ရင်းဂျပန်စာကို လေ့လာနေဆဲ။ တစ်နေ့နေ့တစ်ချိန်ချိန်ဟူသော မျှော်လင့်ခြင်းနှင့်အတူ အသက်ဆက်ရှင်သန် နေဆဲ....။

**(ဆက်လက်ဖော်ပြပါမည်)**



CamScanner